# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရက်စွဲ(၂၁.၄.၂၀၂၁)

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး(Covishield) အရေအတွက်(၁.၅)သန်းကို ပထမအသုတ်အဖြစ် အိန္ဒိယနိုင်ငံအစိုးရ၏ လက်ဆောင်အနေဖြင့် ရရှိခဲ့ပါသည်။ ဆက်လက်၍ ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံမှဝယ်ယူထားသည့် ကိုဗစ်ကာကွယ်ဆေး(၃၀)သန်း အနက်မှ အရေအတွက်(၂)သန်းကိုရရှိခဲ့ရာ ယနေ့အထိစုစုပေါင်းကာကွယ်ဆေး အရေအတွက်(၃.၅)သန်း ရရှိပြီး ဖြစ်ပါသည်။ ထပ်မံရောက်ရှိရန် ကျန်ရှိသည့်ကာကွယ်ဆေး (၂၈)သန်း ကိုလည်း သတ်မှတ်ထားသည့် အချိန်ကာလများအတွင်းတွင် အသုတ်လိုက်ရောက်ရှိစေရေးဆောင်ရွက်လျက်ရှိပါသည်။

ရရှိထားသည့် ကာကွယ်ဆေးများကို ဦးစားပေးအစီအစဉ်များအရ (၂၀၂၁)ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့တွင် စတင်ထိုးနှံပေးခဲ့ပါသည်။ (၂၁.၄.၂၀၂၁)နေ့အထိ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံခြင်းအဖြစ် ကာကွယ်ဆေးအရေအတွက်(၁.၅၄)သန်း၊ ဒုတိယအကြိမ်ထိုးနှံခြင်းအဖြစ်(၀.၃၄) သန်း၊ စုစုပေါင်းကာကွယ်ဆေးအရေအတွက်(၁.၈၈)သန်းကို ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးခဲ့ပြီးဖြစ်ပါသည်။

ကျန်ရှိသောကာကွယ်ဆေးအရေအတွက်(၁.၆၂)သန်းကို ပြည်ထောင်စုနယ်မြေနေပြည်တော် နှင့်ပြည်နယ်/တိုင်းဒေသကြီးများတွင် ဒုတိယအကြိမ်မြောက်အဖြစ် ထိုးနှံပေးနိုင်ရန်အတွက် သာတူညီမျှမှုရှိစွာ စနစ်တကျဖြန့်ဝေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး မိဘပြည်သူများမှမိမိတို့နေထိုင်ရာ ဒေသအလိုက် ဧပြီလ နှင့် မေလများတွင်ဆက်လက်ထိုးနှံပေးမည့်ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး (အထူးသဖြင့် ဒုတိယ အကြိမ်ထိုးနှံခြင်း)ကို မပျက်မကွက်(မပျက်မကွက်) ထိုးနှံခြင်းခံယူကြပါရန် လေးစားစွာဖြင့် အသိ ပေးအပ်ပါသည်။

ဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးထိုးနှံမည့်သူများအား ထိုးနှံပြီး၍ ကာကွယ်ဆေးများ ပိုလျှံမှုပေါ်မှုတည်ကာ မိဘပြည်သူများအား ဦးစားပေးအစီအစဉ်အလိုက်ကာကွယ်ဆေးထိုးနှံခြင်း ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကာကွယ်ဆေးများဆက်လက်ရောက်ရှိလာခြင်း နှင့် ထိုးနှံမည့်အစီအစဉ်နှင့်ပတ်သက်၍ အပြောင်းအလဲများရှိပါက အချိန်နှင့်တပြေးညီဆက်လက် သတင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**